လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

# နှစ်(၂၀)ဖြတ်သန်းမှု အထွေထွေအတွင်းရေးမှူး၏ တင်ပြချက်

## ကျနော်တို့ ဖြတ်သန်းခဲ့ကြပြီ

၁၉၈၈ – ၂၀၀၈ နှစ်ပေါင်း ၂၀ ပြည့်ခဲ့ပြီ။

၂၀၀၈ ခုနှစ် အောက်တိုဘာလ (၁၄) ရက်နေ့ဆိုလျှင် ကျနော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသက်တမ်း နှစ်ပေါင်း ၂၀ ပြည့်ခဲ့ပါပြီ။ ကုန်လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀)အတွင်း ကျနော်တို့ပါတီရဲ့ ဖြတ်သန်းခဲ့မှု အခြေခံအားဖြင့် အပိုင်း ၂ ပိုင်း ခွဲခြားနိုင်ပါလိမ့်မယ်။

– ဥပဒေဘောင်အတွင်း ဖြတ်သန်းမှု

– ဥပဒေပ ဖြတ်သန်းမှု

ပထမအပိုင်းဖြစ်တဲ့ ဥပဒေဘောင်အတွင်းဖြတ်သန်းမှုဟာ အင်မတန်မှတိုတောင်းပါတယ်။ (၃)နှစ်ကျော်ကာလပဲဖြစ်ပါတယ်။ တိုတောင်းသော်လည်းပဲ ပြင်းထန်တဲ့ဖြတ်သန်းမှုလို့ ပြောရမှာပါ။ ကျနော်တို့ပါတီဟာ (နဝတ) စစ်အစိုးရကို ပြင်းပြင်းထန်ထန် ဖွင့်ချတိုက်ခိုက်ခဲ့ပြီး၊ ဒီကာလထဲမှာပဲ ကျနော်တို့ပါတီဟာ ရန်သူရဲ့သွေးခွဲဖြိုခွဲမှုကိုခံရပြီး ဥပဒေတွင်းပါတီအဖြစ်ကနေ ဖျက်သိမ်းခြင်းခံခဲ့ရပါတယ်။

၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ အရှိန်အဟုန်နဲ့ ကျနော်တို့ပါတီဟာ လူငယ်ကျောင်းသားထုရဲ့အင်အားကို အကြီးမားဆုံး၊ အများပြားဆုံးရရှိခဲ့တဲ့ ပါတီတရပ်ဖြစ်ခဲ့ပြီး (နဝတ) စစ်အစိုးရကို အပြင်းထန်ဆုံးထိုးနှက်ခဲ့တဲ့ ပါတီတရပ်အဖြစ် ကဗျည်းတင်နိုင်ခဲ့ပါတယ်။ ဒါကို ဘယ်သူကမှ ပြန်လည်ချေဖျက်ပစ်လို့ မရနိုင်တော့ပါဘူး။ တဆက်တည်းမှာပဲ (နဝတ) စစ်အစိုးရရဲ့ ပြင်းထန်တဲ့ဖိနှိပ်ဖြိုခွဲမှုမျိုးစုံကို ကျနော်တို့ ရင် ဆိုင်ခဲ့ရပါတယ်။

ဘာတွေ ဘယ်လိုပဲဖြစ်ပျက်ခဲ့ပါစေ အဲဒီ ရဲရင့်တက်ကြွသောကာလများရဲ့ အဖြစ်အပျက်အကြောင်းအရာတွေကို ယခုလို နှစ် ၂၀ ဖြတ်သန်းပြီးနောက် တည်ငြိမ်စွာ ပြန်လည်ဆန်းစစ်နိုင်ကြပါပြီ။ ဒါကြောင့် အဲဒီအချိန်က ကျနော်တို့ပါတီရဲ့ ကွဲပြဲမှုဟာ အုပ်စိုးသူ (နဝတ) စစ်အစိုးရက ဖန်တီးခဲ့တာဖြစ်ပြီး (နဝတ) စစ်အစိုးရအတွက် အကျိုးရှိစေခဲ့ပါတယ်။ အဆုံးသတ်ရလဒ်ကတော့ ကျနော်တို့ချစ်လှတဲ့ပါတီ ဖရိုဖရဲဖြစ်စေခဲ့ပါတယ်။ ဒါဟာ အနှစ် ၂၀ ဖြတ်သန်းမှုထဲက အကြီးမားဆုံးသင်ခန်းစာပါပဲ။

ဒီနေရာမှာ ထူးခြားချက်တွေကို ဖော်ထုတ်မှ ဒီသင်ခန်းစာအတွက် ပြည့်စုံပါလိမ့်မယ်။ ဒီထူးခြားချက်တွေကတော့ ကျနော်တို့ပါတီကို လူငယ်ကျောင်းသားများနဲ့ ဖွဲ့စည်းခဲ့ရတာပါ။ ဒီလို နိုင်ငံရေးပါတီတရပ်ဖွဲ့စည်းတည်ထောင်ဖို့ လိုအပ်တဲ့ ကျွမ်းကျင်မှု၊ အတွေ့အကြုံနဲ့ ဖြတ်သန်းမှုတွေ လုံးဝမရှိဘဲ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးရဲ့ ညွှန်ပြချက်တွေနဲ့ချမှတ်ခဲ့တဲ့ မူ၊ ပေါ်လစီများနဲ့ လက်တွေ့ကိုင်စွဲအကောင်အထည်ဖော်ခဲ့ကြတဲ့ လုပ်ငန်းစဉ်များရဲ့ မှန်ကန်မှုကြောင့်သာ ကျနော်တို့ပါတီဟာ ရပ်တည်နိုင်ခဲ့ခြင်း ရင်ဆိုင်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါဟာ အဲဒီကာလကို ခေါင်းဆောင်ခဲ့ကြတဲ့ ပါတီခေါင်းဆောင်များနဲ့ ပါတီဝင်ထုရဲ့ အားကောင်းချက်ပဲဖြစ်ပါတယ်။

"ပြည်သူသာ အမိ၊ ပြည်သူသာ အဖ" ဆိုတဲ့ ပြည်သူ့ဘက်က ထာဝစဉ်ရပ်တည်ပြီး ပြည်သူ့အကျိုး ရှေ့ရှုထမ်းဆောင်မယ်ဆိုတဲ့ အချက်ဟာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ အခြေခံအကျဆုံး အုတ်မြစ်ဖြစ်ခဲ့ပြီး ယနေ့ကာလအထိ တလျှောက်လုံး အဲဒီအခြေခံအုတ်မြစ်ပေါ်မှာ ပါတီဟာ အခိုင်အမာရပ်တည်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်ပဲ ပါတီမှာ မှန်ကန်တဲ့ မူပေါ်လစီနဲ့ အထွေထွေလုပ်ငန်းစဉ်များကို ဖြစ်ပေါ်ပြောင်းလဲလာတဲ့ အခြေအနေအချိန်အခါနဲ့အညီ ချမှတ်ဆောင်ရွက်အကောင်အထည် ဖော်နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။

ဒီတော့ ဥပဒေတွင်းကာလဖြတ်သန်းမှုကို ခြုံငုံနိဂုံးချုပ်ရရင် ...

ပါတီခေါင်းဆောင်မှုဟာ အတွေ့အကြုံအရ နုနယ်ပေမယ့် ရဲရင့်တယ်၊ ပြတ်သားခိုင်မာတယ်။

"ပြည်သူသာ အမိ၊ ပြည်သူသာ အဖ" ဆိုတဲ့ ရပ်တည်ချက်နဲ့ (နဝတ) စစ်အစိုးရကို ပီပီပြင်ပြင် ထိုးနှက်နိုင်ခဲ့သလို၊ တပ်ပေါင်းစုကိုလည်း တည်ဆောက်နိုင်ခဲ့တယ်။ လူငယ်ကျောင်းသားထုရဲ့ အဓိက ပင်မပါတီကြီးအဖြစ် ပေါ်ထွန်းလာနိုင်ခဲ့တယ်။ ဒါတွေဟာ အဲဒီကာလရဲ့ အဓိက အားကောင်းချက်တွေဖြစ်ပြီး ရှေ့ဆက်လက်သည်ဆောင်ရမယ့် အချက်တွေလည်းဖြစ်ပါတယ်။

ဒုတိယပိုင်းဖြစ်တဲ့ ဥပဒေပကာလဖြတ်သန်းမှုကို ကြည့်မယ်ဆိုရင် အချိန်ကာလအားဖြင့်ကြည့်မယ်ဆိုရင် ၁၉၉၁ နှစ်ကုန်ပိုင်းကနေ ယနေ့ကာလအထိပဲဖြစ်ပါတယ်။ ၁၇ နှစ်နီးပါးမျှ ရှိပါလိမ့်မယ်။ အတွေ့အကြုံသစ်တွေ ဖြတ်သန်းရရှိလာတဲ့ကာလလို့ ပြောရပါလိမ့်မယ်။ ပါတီအင်အားဟာ ဥပဒေတွင်းကာလနဲ့ မနှိုင်းယှဉ်နိုင်လောက်အောင် ကျဆင်းသွားတဲ့ကာလလည်းဖြစ်ပါတယ်။ ရန်သူဟာ ပါတီကို ဥပဒေတွင်းမှာ မရပ်တည်နိုင်အောင် ချေမှုန်းဖျက်ဆီးခဲ့ပေမယ့် ပါတီဟာ ပျက်စီးပြိုလဲသွားခြင်းမရှိဘဲ အနိုင်မခံ အရှုံးမပေးတဲ့စိတ်ဓါတ်နဲ့ ပါတီအလံကို လွတ်မြောက်ဒေသမှာ (ဥပဒေပမှာ) စိုက်ထူပြလိုက်ခြင်းပဲဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ လူငယ်ကျောင်းသားပါတီတွေ အမြောက်အများဖွဲ့စည်းခဲ့ကြတာပါ။ လှုပ်ရှားခဲ့ကြတာပါ။ ယခု နှစ်ပေါင်း (၂၀)အတွင်းမှာ အဲဒီပါတီတွေ ပုံစံအမျိုးမျိုးနဲ့ ဖျက်သိမ်းခံကြရပါတယ်။ ပြိုလဲသွားရပါတယ်။ သူတို့အသံကို ကျနော်တို့ မကြားရတော့ပါဘူး။ ဒါပေမယ့် ကျနော်တို့ပါတီဟာ လူငယ်ကျောင်းသားထုရဲ့ကိုယ်စား ကျနော်တို့ပါတီ

ရဲ့အသံ၊ ကျနော်တို့ပါတီရဲ့အလံဟာ ယနေ့အထိ မားမတ်စွာလွှင့်ထူနေဆဲပဲဖြစ်ပါတယ်။ ဒီလိုရပ်တည်နေနိုင်တာကို ဒီလိုဖြတ်သန်းခဲ့တာကို ကျနော်တို့ ဂုဏ်ယူကြရမှာပါ။

အတွေ့အကြုံသစ်တွေဘက်ကပြောရင် လက်နက်ကိုင်တော်လှန်ရေးထဲ ဖြတ်သန်းရတဲ့အတွေ့အကြုံ၊ တိုင်းရင်းသားလူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများနဲ့ ပူးတွဲဆောင်ရွက်ရတဲ့ အတွေ့အကြုံ၊ စစ်ရေး နိုင်ငံရေး စည်းရုံးရေး မဟာမိတ်တပ်ပေါင်းစုရေးရာများနဲ့ ပတ်သက်ပြီး အတွေ့အကြုံသစ်တွေရရှိခဲ့တဲ့ ကာလပဲဖြစ်ပါတယ်။ အနှစ်သာရအရပြောမယ်ဆိုရင် ၁၉၄၈ – ၄၉ တော်လှန်ရေးမျိုးဆက်များနဲ့ ၁၉၈၈ တော်လှန်ရေးမျိုးဆက်တွေ ဆက်သွယ်ပေါင်းစည်းမှုလို့ပြောရမယ့် အတွေ့အကြုံဖြစ်ပါတယ်။

ကျနော်တို့ဟာ စာအုပ်စာတမ်းတွေထဲမှာသာ ဖတ်ဖူးကြားဖူးခဲ့တဲ့ "ပြည်တွင်းစစ်" ဆိုတာကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဖြတ်သန်းရတဲ့အတွေ့အကြုံလည်းဖြစ်ပါတယ်။ ပြည်တွင်းစစ်ကို ခုခံတိုက်ခိုက်နေကြတဲ့ တော်လှန်ရေးအင်အားစုအသီးသီးနဲ့ နဖူးတွေ့ဒူးတွေ့ ဆက်ဆံပေါင်းသင်းရတဲ့ အတူဖြတ်သန်းရတဲ့ကာလလည်းဖြစ်ပါတယ်။ အဲဒီ ၁၉၄၈ – ၄၉ တော်လှန်ရေးမျိုးဆက် ပါတီ အဖွဲ့အစည်းတွေဟာ ကျနော်တို့ပါတီကို နွေးထွေးစွာ ကြိုဆိုခဲ့ကြပါတယ်။ လိုအပ်တဲ့ ကူညီမှုတွေနဲ့ ဝန်းရံမှုတွေ ပေးခဲ့ကြပါတယ်။ အဲဒီလို ဝန်းရံ ကြိုဆို လက်တွဲခေါ်ယူခဲ့ကြတဲ့ နွေးထွေးခဲ့ကြတဲ့ ပါတီအဖွဲ့အစည်းအသီးသီးနဲ့ ကူညီအားပေးခဲ့ကြတာတွေကို ကျနော်တို့ပါတီက ထာဝစဉ်ကျေးဇူးတင်နေမှာဖြစ်သလို ထာဝစဉ် မှတ်တမ်းတင်ထားမှာလည်း ဖြစ်ပါတယ်။ **(KNU), (CPB), (NMSP),** (ရလလဖ) (ကလလတ) စတဲ့ အဖွဲ့အစည်းများဟာ ကျနော်တို့ပါတီကို အဓိက ဝန်းရံကူညီခဲ့ကြတဲ့ အဖွဲ့အစည်းနဲ့ ပါတီများပဲဖြစ်ပါတယ်။ ပါတီရဲ့ အနှစ် (၂၀) ပြည့်မွေးနှစ်မှာ အဆိုပါ ပါတီအဖွဲ့အစည်းများရဲ့ ကူညီဝန်းရံမှုများကို တသ ဖော်ထုတ်ခြင်းဟာ ကောင်းမြတ်တဲ့မင်္ဂလာတပါးပဲ ဖြစ်ပါတယ်။

ဒီကာလမှာ ကျနော်တို့ပါတီဟာ သိသိသာသာအင်အားတိုးပွားလာခြင်းမရှိပါဘူး။ နိုင်ငံရေးပါတီတရပ်အဖို့ လွတ်မြောက်ဒေသမှာ အင်အားတိုးပွားဖို့ မလွယ်ကူပါဘူး။ ပြီးတော့ စစ်တပ်တခု စစ်သားစုဆောင်းရသလို ပါတီဝင်အင်အားကို စုဆောင်းလို့ရတာမျိုးမဟုတ်ပါဘူး။ အဲ့ဒီအချိန်ကာလက ကျောင်းသားလူငယ်ထုရဲ့ ထက်သန်မှုနဲ့ရွေးချယ်မှုကလည်း လက်နက်ကိုင်တော်လှန်ရေးနဲ့ ကျောင်းသားတပ်မတော် ပဲဖြစ်ပါတယ်။ ကျောင်းသားတပ်မတော်ရဲ့ အင်အားသိပ်ကောင်းတဲ့ကာလဖြစ်ပြီး ရန်သူကို စစ်ရေးအရ ခြိမ်းခြောက်နိုင်တဲ့ တိုက်ပွဲတွေကို ကျနော်တို့ ညီအစ်ကိုတော် ကျောင်းသားတပ်မတော်က ရဲဘော်များတိုက်ခိုက်နေတဲ့ကာလလည်း ဖြစ်ပါတယ်။ မြို့ပေါ်မှာတော့ ကျနော်တို့ပါတီခေါင်းဆောင်များဟာ ရန်သူအဖမ်းခံရသူခံရ၊ တိမ်းရှောင်ရသူ တိမ်းရှောင်ရနဲ့ ကျနော်တို့ပါတီရဲ့ အင်အားတွေ ကျဲကျဲကုန်ပါတယ်။

ကျနော်ဆိုလိုချင်တာက ပါတီအင်အားတိုးပွားဖို့ ပတ်ဝန်းကျင် ရေခံမြေခံနဲ့ အခြေအနေအချက်အလက်တွေရဲ့ အကန့်အသတ်ရှိမှုကို တင်ပြလိုရင်း ဖြစ်ပါတယ်။

နောက်တခုက ပါတီအင်အားတိုးပွားရေးဆိုတာကို ကျနော်တို့ပါတီတရပ်ထဲရဲ့ ထူးခြားတဲ့အနေအထားမဟုတ်ဘူးဆိုတာပါပဲ။ အခြားအသောပါတီအဖွဲ့အစည်းတွေရဲ့ အခြေအနေတွေနဲ့ ယှဉ်ထိုးသုံးသပ်ကြည့်ဖို့လည်း လိုပါတယ်။ ဥပဒေတွင်း ဥပဒေပမှာရှိတဲ့ ပါတီအဖွဲ့အစည်းတွေနဲ့ ယှဉ်ထိုးပြီး ကြည့်သင့်ပါတယ်။

နောက်ဆုံးတခုက ရန်သူရဲ့ဖိနှိပ်မှုနဲ့ ဖြိုခွဲမှုတွေပါပဲ။ တခြားကြည့်စရာမလိုပါဘူး။ ၁၉၉၀ ရဲ့ ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်တဲ့ ဥပဒေတွင်းပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အခြေအနေများကို လေ့လာကြည့်ရင် အထင်အရှားတွေ့နိုင်ပါတယ်။ ပါတီရုံးတွေ ပိတ်ပင်ထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပါတီဝင်တွေကို နည်းမျိုးစုံဖိအားပေးပြီး နုတ်ထွက်ခိုင်းခဲ့တယ်မဟုတ်ပါလား။

ကျနော်တို့ပါတီအနေနဲ့ သူများတိုက်ခိုက်ပြီး ရယူထားရတဲ့ လွတ်မြောက်ဒေသထဲမှာ ကျနော်တို့ပါတီအင်အားတိုးချဲ့ဖို့ မဖြစ်နိုင်ပါဘူး။ ကျင့်ဝတ်အရလည်း မဖြစ်သင့်ပါဘူး။ နယ်မြေဒေသအရ၊ လူမျိုးရေးအရ အကန့်အသတ်တွေရှိပါတယ်။ လွတ်မြောက်ဒေသထွက်ပြီး လွတ်မြောက်ဒေသ ပြင်ပမှာသွားပြီး လှုပ်ရှားစည်းရုံးနိုင်မှသာ ကျနော်တို့ပါတီအင်အား တိုးချဲ့နိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက် အလုပ်အဖွဲ့တွေဖွဲ့ပြီး လှုပ်ရှားခဲ့ပါတယ်။ ဒါပေမယ့် အချိန်မမီတော့ပါဘူး။ လက်နက်ကိုင်တော်လှန်ရေး ဒီရေအကျနဲ့တိုးနေပြီး အပစ်အခတ်ရပ်စဲရေး ဆောင်းကလည်း တစတစဝင်လာနေပါပြီ။ နောက်ဆုံး ကျနော်တို့မှီတင်းနေထိုင်ကြတဲ့ မာနယ်ပလောကို ၁၉၉၅ မှာ လက်လွှတ်ခဲ့ရပါတော့တယ်။

အဲ့ဒီအချိန်ကနေစပြီး ယနေ့ကာလအထိ ယခုလိုဖြတ်သန်းနေရတာ၊ လှုပ်ရှားဆောင်ရွက်နေရတာဖြစ်ပါတယ်။ ဒါဟာ ကျနော်တို့ ပါတီတခုထဲရဲ့ အတွေ့အကြုံနဲ့ ဖြတ်သန်းမှုမဟုတ်ပါဘူး။ ကျနော်တို့နဲ့ဘဝတူ မဟာမိတ်အားလုံးရဲ့ဖြစ်စဉ်ပဲ ဖြစ်ပါတယ်။

ဒါဟာ တတိယနိုင်ငံသွားရေးဆိုတဲ့ လှိုင်းရဲ့ပထမဆုံးသော ကာလတွေနဲ့အသုတ်လိုက်ထွက်ခွာသွားမှုတွေရဲ့ နေ့ရက်များပဲ ဖြစ်ပါတော့တယ်။ အခြေအနေသစ်အောက်မှာ အားလုံးဟာ ရွေးချယ်မှုမျိုးစုံနဲ့ ခြေလှမ်းသစ်တွေလှမ်းခဲ့ကြခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုနဲ့ ကျနော်တို့ အင်အားတွေ ပျံ့နှံ့သွားပါတယ်။ ဒီအခြေအနေကို ပါတီအနေနဲ့ စနစ်တကျထိန်းသိမ်းလုပ်ဆောင်ခဲ့ပါတယ်။ ပါတီရပ်တည်နိုင်ဖို့ နည်းလမ်းတွေကို ပါတီဝင်ထုသို့ချပြခဲ့ပြီး မိမိသဘောဆန္ဒအလျောက် ရွေးချယ်ကြဖို့ ချပြခဲ့ပါတယ်။ ပါတီဝင်အားလုံးဟာ ပါတီဆက်လက်ရပ်တည်နိုင်ရေး၊ ပါတီအလံ ဆက်လက်လွှင့်ထူထားနိုင်ရေးအတွက်ရည်ရွယ်ပြီး မိမိရဲ့လမ်းကြောင်းကို ရွေးချယ်ခဲ့ကြပါတယ်။

ကျနော်တို့ပါတီဟာ ပါတီအင်အားတိုးပွားရေးနဲ့ တို့ချဲ့ရေးကို ပေါ်လစီတရပ်အခိုင်အမာချမှတ်ထားခဲ့ပြီး လက်တွေ့လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၀၁ ခုနှစ်မှာ ပါတီရဲ့ ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာပါတီညီလာခံခေါ်ယူပြီး ပါတီရဲ့ခေါင်းဆောင်မှုအင်အားကို တိုးချဲ့ခဲ့ပါတယ်။ ပါတီရဲ့ပထမဆုံး ဥက္ကဌ ကိုမိုးသီးဇွန်ဦးစီးတဲ့အစုအဖွဲ့နဲ့ ပါတီရဲ့ခေါင်းဆောင်မှုအဝန်းအဝိုင်းကို ရင်ခွင်ကျယ်ကျယ်ထားပြီး တိုးချဲ့ခဲ့ပါတယ်။ အဓိက ကျတဲ့တာဝန်များကိုလည်း အပ်နှင်းခဲ့ပါတယ်။

အဲ့ဒီနောက်ပိုင်းမှာလည်း အကျဉ်းထောင်တွင်းမှာ နှစ်ရှည်ထောင်ဒဏ်တွေကျခံရပြီး လွတ်မြောက်လာတဲ့ ပါတီခေါင်းဆောင်များနဲ့ ပါတီခေါင်းဆောင်မှု အဝန်းအဝိုင်းကို တိုးချဲ့ခဲ့ပြန်ပါတယ်။ အဓိကကျတဲ့ တာဝန်များ အပ်နှင်းခဲ့ပါတယ်။ ယနေ့ကာလအထိ အဲ့ဒီလိုအဆင့်ဆင့်တိုးချဲ့ထားတဲ့ ခေါင်းဆောင်မှု (ဗဟိုကော်မတီ) က ပါတီကို ဦးဆောင်နေတာ ဖြစ်ပါတယ်။ ဖြတ်သန်းခဲ့တဲ့နှစ် (၂၀) အတွင်းမှာ တိကျတဲ့ မူ၊ ပေါ်လစီနဲ့ အထွေထွေလုပ်ငန်းစဉ် ပါတီဖွဲ့စည်းပုံစည်းမျဉ်း၊ ပါတီဗဟိုခေါင်းဆောင်မှုစသဖြင့် ပါတီတရပ်ရဲ့ လိုအပ်တဲ့အခြေခံလက္ခဏာတွေ တည်ရှိလာခဲ့ပါတယ်။ ပါတီခေါင်းဆောင်မှုဆိုတာ ဖော်ပြပါအချက်အလက်တွေနဲ့ လက်တွေ့ပြုမူဆောင်ရွက်မှုတွေနဲ့ ဖြစ်ပါတယ်။ ပါတီရဲ့သွေးစည်းညီညွတ်မှုဆိုတာကလည်း အဆိုပါအခြေခံအချက်အလက်တွေ (မူ၊ ပေါ်လစီ၊ ပါတီစည်းမျဉ်း၊ ပါတီခေါင်းဆောင်မှု) ပေါ်ကနေ ရှာဖွေတည်ဆောက်ရမှာဖြစ်တယ်ဆိုတာကို ကျနော်တို့ ဖြတ်သန်းမှုအရ အလေးအနက်သဘောပေါက်လာခဲ့ကြပါတယ်။

ယင်းသဘောပေါက်မှုနဲ့အတူ ပါတီရဲ့အသံ၊ ပါတီရဲ့အလံဟာ ပေါ်ထွက်ရှင်သန် လွင့်ပျံနေတာပဲ ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ် စက်တင်ဘာ သံဃာ့လှုပ်ရှားမှု၊ မေလ (၁၀) ရက် ဆန္ဒခံယူပွဲရဲ့ ကန့်ကွက်မဲပေးရေး၊ ယခု နာဂစ်မုန်တိုင်းနောက်ပိုင်း ပြည်သူများရဲ့ဆုံးရှုံးနစ်နာမှုများကို ဖော်ထုတ်တိုက်ပွဲဝင်ရေး စသဖြင့် တက်တက်ကြွကြွ ပါဝင်နေဆဲဖြစ်ပါတယ်။

ဒါကြောင့် အကြမ်းအားဖြင့် နိဂုံးချုပ်မယ်ဆိုရင် ကုန်လွန်ခဲ့တဲ့ အနှစ် (၂၀) ကာလအတွင်းမှာ ကျနော်တို့ ပါတီဟာ အကဲစမ်းမှုမျိုးစုံ ဖြိုခွဲမှုမျိုးစုံ၊ အခက်အခဲမျိုးစုံကို ဖြတ်သန်းရင်ဆိုင်ခဲ့ရပါတယ်။ အဲ့ဒီလို မိုးသက်မုန်တိုင်းတွေကြားထဲမှာ ကျနော်တို့ပါတီ ဒူးထောက်မသွားခဲ့ပါဘူး။ ယိုင်လဲမသွားခဲ့ပါဘူး။ ဒါကြောင့် ဒီနေ့ဒီအချိန်မှာ ကျနော်တို့ ရဲရဲဝံ့ဝံ့ပြောနိုင်တဲ့စကားတခွန်းရှိပါတယ်။ အဲ့ဒါကတော့ …

– ကျနော်တို့ဖြတ်သန်းခဲ့ကြပြီ။

– ရှေ့ဆက်လက်ဖြတ်သန်းနေဦးမှာလည်း ဖြစ်ပါတယ်။

စစ်အာဏာရှင်စနစ်ကို အကုန်အစင်တိုက်ဖျက်ပစ်နိုင်မှသာ ကျနော်တို့ပါတီရဲ့အခန်းကဏ္ဍဟာ တောက်ပြောင်ဝင်းပလာမယ်ဆိုတာကို ရှင်းလင်းစွာယုံကြည်နားလည်ထားပါတယ်။

ဒါကြောင့် စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေးဆိုတဲ့ အဓိကဦးတည်ချက်ကို “ပြည်သူသာ အမိ၊ ပြည်သူသာ အဖ” ဆိုတဲ့ရပ်တည်ချက်နဲ့ ပြတ်ပြတ်သားသား တိုက်ပွဲဝင်ကြဖို့လိုပါတယ်။

စစ်အာဏာရှင်စနစ်ကို အကုန်အစင်ဖျက်သိမ်းနိုင်မှသာ ကျနော်တို့ပါတီကရည်မှန်းထားတဲ့ လူ့ဘောင်သစ်ကို ချီတက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် …

– ပါတီတည်ဆောက်ရေး။

– တပ်ပေါင်းစုတည်ဆောက်ရေး။

– ပါတီဝင်မျိုးဆက်သစ်စည်းရုံးရေး ဆိုတဲ့လုပ်ငန်းများကို အသေအချာ အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် စစ်အာဏာရှင်စနစ် အကုန်အစင်တိုက်ဖျက်ရေး လုပ်ငန်းအဆင့်ဆင့်မှာ ကျနော်တို့ပါတီဝင်များဟာ ရှေ့ဆုံးတန်းကနေ ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်မှသာ ဖြစ်နိုင်ပါလိမ့်မယ်။

– ကျနော်တို့ဖြတ်သန်းခဲ့ကြပြီ။

ဖြတ်သန်းမှု အဆင့်ဆင့်တွင် ခေါင်းဆောင်မှုပေးခဲ့ကြသော ပါတီခေါင်းဆောင်များ ပါတီဝင်များကို ချီးကျူး ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။

နှစ်ပေါင်း (၂၀) ကာလအတွင်း ကျဆုံးခဲ့ရသော ကွယ်လွန်ခဲ့ရသော ထောင်တန်းအကျခံကာ စွန့်လွှတ်စွန့်စားခဲ့ကြသော ပါတီခေါင်းဆောင်များ ပါတီဝင်ရဲဘော်များအား ဦးညွှတ်အလေးပြုပါသည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အဓွန့်ရှည်ပါစေ။

စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်။

ရဲဘော်ခင်မောင်တင့်
အထွေထွေ အတွင်းရေးမှူး
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
၂၀၀၈ – အောက်တိုဘာလ (၁၄)ရက်